**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

E-mail: dma@motc.gov.mm, dma.myan@gmail.com Tel:+95-1-397640

P.O Box: 194 Fax:+95-1-397641

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မေလ (၂၄) ရက်

**Marine Instruction (2 / 2022)**

# မြန်မာ့ကမ်းရိုးတန်းသွား ရေယာဉ်ဝန်ထမ်းများအတွက် မြန်မာ့ကမ်းရိုးတန်း သင်္ဘောသား မှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်းစာအုပ် ပုံစံအသစ်ဖြင့် ပြောင်းလဲထုတ်ပေးခြင်းဆိုင်ရာ ရေကြောင်းလမ်းညွှန်ချက်

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၄၃ နှင့် ၄၃(က) အရ ထုတ်ပေးလျက်ရှိသော မြန်မာ့ကမ်းရိုးတန်း သင်္ဘောသား မှတ်ပုံတင်နှင့်လုပ်သက်မှတ်တမ်းစာအုပ် (Seafarer's Identification and Record Book) များကို ၂၀၂၂ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှစ၍ ခေတ်နှင့်လျော်ညီသော လုံခြုံမှုစနစ်များ ထည့်သွင်းထားသည့် ၅ နှစ်သက်တမ်းရှိ စာအုပ်ပုံစံအသစ်ဖြင့် လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၂။ ရေယာဉ်ပိုင်ရှင်၊ ကုမ္ပဏီနှင့် ရေယာဉ်ကြီးကြပ်သူများသည် မြန်မာ့ကမ်းရိုးတန်းသွား ရေယာဉ်များပေါ်တွင် တာဝန်ထမ်းဆောင်မည့် အသက် (၁၈) နှစ် ပြည့်ပြီးသူများအတွက် လုပ်သက်မှတ်တမ်းစာအုပ် ကိုင်ဆောင်ထားရှိရန် ဦးစီးဌာနသို့ လျှောက်ထားရယူစေရမည်။

၃။ ရေယာဉ်မှူးများသည် ရေယာဉ်ဝန်ထမ်းများက ရေယာဉ်ပေါ်တွင် စတင်တာဝန်ထမ်းဆောင်စဉ်အချိန်၌ အပ်နှံထားသော လုပ်သက်မှတ်တမ်းစာအုပ်တွင် အချက်အလက်များ ဖြည့်စွက်၍ လက်မှတ်ရေးထိုးထိန်းသိမ်းထားရှိပြီး ရေယာဉ်ဝန်ထမ်းများ တာဝန်ပြီးဆုံးချိန်၌ ကျန်ရှိသော အချက်အလက်များကို ထပ်မံဖြည့်စွက်လက်မှတ်ရေးထိုး၍ လုပ်သက်မှတ်တမ်းကို အဆိုပါရေယာဉ်ဝန်ထမ်းများအား ပြန်လည်ပေးအပ်ရမည်။

၄။ ရေယာဉ်ဝန်ထမ်းများသည် ဦးစီးဌာနက ကျင်းပပြုလုပ်သောလက်မှတ်ဆိုင်ရာစာမေးပွဲများ ဝင်ရောက်ဖြေဆိုရန် လိုအပ်သော ပင်လယ်ပြင်လုပ်သက်များ တွက်ချက်စစ်ဆေးခံရာတွင် လုပ်သက်မှတ်တမ်းစာအုပ်ကို တင်ပြရမည်။

၅။ ရေယာဉ်မှူးများသည် အချက်အလက်များဖြည့်စွက်ထားသော ရေယာဉ်ဝန်ထမ်းအားလုံး၏ သက်တမ်းရှိ သင်္ဘောသားမှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်းစာအုပ်များကို ဦးစီးဌာန၏ သင်္ဘောဘက်ဆိုင်ရာ အုပ်ချုပ်ရေးအရာရှိ၊ တိုင်းတာစစ်ဆေးရေးမှူး၊ စစ်ဆေးရေးအရာရှိနှင့် အာဏာပိုင်အရာရှိများက စစ်ဆေးသည့်အချိန်တိုင်း၌ အစစ်ဆေးခံပြသနိုင်ရန် ရေယာဉ်ပေါ်တွင် ထိန်းသိမ်းထားရှိရမည်။

၆။ ဤလမ်းညွှန်ချက်မထုတ်ပြန်မီ ထုတ်ပေးထားသော သင်္ဘောသားမှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်းစာအုပ်များကို ကိုင်ဆောင်ထားကြသူများသည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ နောက်ဆုံးထား၍ လုံခြုံရေးစနစ်နှင့် သက်တမ်းကုန်ဆုံးရက်ပါရှိသော သင်္ဘောသား မှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်းစာအုပ်များကို လျှောက်ထားလဲလှယ်ရယူပြီးဖြစ်ရမည်။

၇။ ရေယာဉ်မှူး၊ ရေယာဉ်ပိုင်ရှင်၊ ကုမ္ပဏီ သို့မဟုတ် ရေယာဉ်ကြီးကြပ်သူတို့သည် မြန်မာ့ကမ်းရိုးတန်းခရီးစဉ်သွား ရေယာဉ်များပေါ်တွင် မြန်မာ့ကမ်းရိုးတန်း သင်္ဘောသားမှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်းစာအုပ် ကိုင်ဆောင်ထားသော ရေယာဉ်ဝန်ထမ်းများကိုသာ အလုပ်ခန့်အပ်ခြင်း ပြုရမည်။

ဒေါက်တာကိုကိုနိုင်
ခေတ္တညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
တိုင်းဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း
မြန်မာ့ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များအသင်း
ရေယာဉ်ပိုင်ရှင်/ကိုယ်စားလှယ်များ
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ (အောက်မြန်မာပြည်) } **နယ်ရုံးခွဲများသို့ ဆက်လက်ဖြန့်ဝေပေးပါရန်။**

**မိတ္တူကို**

ရေကြောင်းဌာနခွဲ၊
ဥပဒေနှင့်နည်းပညာစံများဌာနခွဲ
ရုံးလက်ခံ။